# ဇူလိုင်လ ၂၀၁၇ ခုနှစ်၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ ဇူလိုင်လကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၂၅ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၃၉ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၀ ဦးသည် ထောင်တွင်းမှ နေ၍ တရားရင်ဆိုင်နေရကာ ၁၃၆ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရ သည်။




ဓာတ်ပုံ ဧရာဝတီ
ဇူလိုင်လ ၂၀၁၇ ခုနှစ်၊

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

ဇူလိုင်လ ၁၄ ရက်နေ့တွင် AAPP အပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်း ၆၈ ဖွဲ့တို့မှ သတင်းထောက်သုံးဦးနှင့် အရပ်သား သုံးဦးတို့အား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေးရန် ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်၍ တောင်းဆိုခဲ့သည့်ပြင် ဇူလိုင်လ ၂၇ ရက်နေ့တွင်လည်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ထပ်မံ၍ ကြေညာ ချက်တစ်စောင်ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။ ဥရောပသမဂ္ဂ (EU)မှလည်း ကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့ပြီး လွတ်လပ်၍ လုပ်ကိုင်နိုင်စွမ်းရှိသော ဝန်းကျင်တွင် လုပ်ကိုင်နိုင်ရန် သတင်းသမားများအတွက် လိုအပ်သော ဥပဒေ အကာအကွယ်များ ပေးအပ်ပါရန် အစိုးရထံ သို့ တောင်းဆိုခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဆင်ဆာဥပဒေများကို ေြ ဖလျော့ပေးခဲ့သော်လည်း သတင်းသမားများသည် ဖိနှိပ်ထားသော ဥပဒေ ဒများ၊ ကန့်သတ်ထားမှုများကို ဆက်လက် ရင်ဆိုင်နေကြရသည်။ ၁၉၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)သည် သတင်းသမားကို ဆက်လက် ဖိနှိပ်ရန်နှင့် လွတ်လ ပ်စွာ ထုတ်ဖော် ပြောဆိုခွင့် ကို ဆက်လက်ထိန်းချုပ်ရန်၊ အထူးသဖြင့် နိုင်ငံ၏ ဒီမိုကရေစီဆိုင်ရာ ပြုပြင် ပြောင်းလဲမှု လုပ်ငန်းစဉ်နှင့် ဆက်စပ်လျက် ရှိသည့် ထိခိုက်လွယ်သော ကိစ္စများကို သတင်းပေးပို့ရေးသားသူများကို ထိန်းချုပ်ထားရန်အတွက် အသုံးပြုသည့် ဥပဒေတစ်ခုဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည် ပြည်တွင်းစစ် ကာလကြာရှည်စွာ ဖြစ်ပွားနေသော နိုင်ငံတစ်ခုဖြစ်ပြီး ဦးအေးနိုင်၊ ဦးပြည့်ဘုန်းနိုင်၊ ဦးသိန်းဇော် (ခ)လဝီဝမ် ကဲ့သို့သော သတင်းထောက်များသည် လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသည့် အဖြစ်အပျက်များကို အများပြည်သူနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့ သိရှိစေရန်အတွက် သတင်းရေးသားရန် မရှိမဖြစ် လိုအပ်ပါသည်။ သတင်းသမားများ၏ အခွင့် အရေးများကိုချိုးဖောက်ပြီး ၎င်းတို့အား တရားစွဲဆိုခြင်းနှင့် မီဒီယာ လွတ်လပ်ခွင့်အပေါ် ကန့်သတ်ထားခြင်းသည် တရားမျှတမှုမရှိပဲ ဒီမိုကရေစီဆီသို့ ဦးတည်လျက်ရှိသော အသွင် ကူးပြောင်းရေးဆိုင်ရာလုပ်ငန်းစဉ်ကို ထိခိုက်စေပါသည်။ ထို့ပြင် အစိုးရမှ သတင်း၊ မီဒီယာ လွတ်လပ်ခွင့်၏ တန်ဖိုးကို အသိအမှတ်ပြုသင့်သည့်အပြင် လူ့အခွင့်အရေး၏တန်ဖိုးကိုလည်း အသိအမှတ်ပြု လက်ခံသင့်သည်။

သတင်းထောက်များအား ဖမ်းဆီးခြင်းသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများကို ဆန့်ကျင်၊ ဖောက်ဖျက်ခြင်းဖြစ်သည် သာမက ပြည်တွင်းတွင် ပြဋ္ဌာန်းထားသော ဥပဒေများကို လေးစားလိုက်နာမှုမရှိသည် ကို ပြသလျက်ရှိသည်။ ဖွဲ့စည်းအုပ်ချု ပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၃၅၄ တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည် " ဟု ဖော်ပြထားသည်။ ထိုပုဒ်မ ၃၅၄ ကို ဖောက်ဖျက်ခြင်းမရှိသော သတင်းထောက်များသည် ဖမ်းဆီး၊ တရားစွဲဆိုခံနေရခြင်းမှ လွတ်မြောက်သင့်ပါသည်။ ထိုမျှသာမက သတင်းမီဒီယာဥပဒေတွင် သတင်းသမားများ၏ အခွင့်အရေး များကို ပြဋ္ဌာန်းထားသည်။ သတင်းမီဒီယာဥပဒေ ပုဒ် မ ၄ တွင် သတင်းမီဒီယာသမားများသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆို င်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှု များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဝေဖန်၊ထောက်ပြ၊ အကြံပြု ရေးသားခွင့်ရှိသည်ဟု ဖော်ပြထားသည်။ ပုဒ်မ ၇(က) တွင် သတင်းမီဒီယာသမားတစ်ဦးသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူ ဆန္ဒပြရာ နေရာဒေသတို့၌ သက်ဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းမှ သတ်မှတ်ထားသော စည်းကမ်းများနှင့် အညီ သတင်းရယူစဉ်တွင် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတင်းမှတ်တမ်းစသည့် သတင်းရယူခြင်းနှင့် သက်ဆိုင်သော ကိရိယာများကို သိမ်းယူခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွတ်စေရမည်ဟု ဖော်ပြထားသည်။ ထိုသတင်းထောက်များအား မတရား ဖမ်းဆီး၊ ထိန်းသိမ်းထားခြင်းသည် ပြည်တွင်း ဥပဒေပြဋ္ဌာန်းချက်များအတွင်းပါဝင်သည့် ၎င်းတို့ရရှိရမည့် အခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်သည်သာမက နိုင်ငံတကာ ဥပဒေကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်။ ထို့ကြောင့် AAPP မှ သတင်းသမားများကို စွဲဆိုထားသော စွဲချက်များကို အမြန်ဆုံး ရုပ်သိမ်းပေးရန်နှင့် ၎င်းတို့အား အမြန်ဆုံးလွှတ်ပေးရန် တိုက်တွန်းပါသည်။

ဇူလိုင်လ ၂၁ ရက်နေ့တွင် The Voice နေ့စဉ်သတင်းစာ၏ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေနှင့် ဆောင်းပါးရှင် ကိုေ ကျာ်စွာနိုင်ေခါ် ဗြိတိသျှ ကိုကိုမောင်တို့သည် မြန်မာနိုင်ငံ၏ ငြ ငိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ေ မးခွန်းထုတ်ထားသော သရော်စာဆောင်းပါးနှင့် ပတ်သက်ပြီး မီဒီယာဥပဒေပုဒ်မ ၂၅(ခ)ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ တရားလို ဒုတိယဗိုလ်မှူးကြီး လင်းထွန်းမှ ၎င်းတို့နှစ်ဦးအား ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခဲ့သော်လည်း ကိုကျော်စွာနိုင် သည် ပုံနှိပ် မီဒီယာတွင်သာ ရေးသားသောကြောင့် အမှုနှင့် သက်ဆိုင်ခြင်းမရှိဟုဆိုသည့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၏ မှတ်ချက်ဖြင့် တရားသေလွတ်မြောက်ခဲ့သည်။ ဦးကျော်မင်းဆွေသည် ဖမ်းဆီးခံရချိန်မှ ဇူလိုင်လကုန် သည်အထိ အာမခံ ကိုးကြိမ်တိုင်ငြင်းပယ်ြ ခင်းခံခဲ့ရသည်။ လွတ်လပ်စွာ

.

ဇူလိုင်လအတွက် ဆောင်းပါးများကို AAPP ၏ အင်တာနက်စာမျက်နာတွင် ဖတ်ရှုနိုင်ပါသည်.

ထုတ်ဖော်၊ပြောဆိုခွင့်ကို ရပ်တန့်သွားစေရန် ဖိနှိပ်ထားသော၊ ရှင်းလင်းတိကျမှုမရှိသော ဥပဒေများကို အသုံးပြုလျက်ရှိနေသည်ကို ထိုအမှုမှ ထုတ်ဖော်ပြသလျက်ရှိသည် ၊ အထူးသဖြင့် ၂၀၁၃ ခုနှစ်ကတည်းက တပ်မတော်မှ ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုမှုများစွာကို ပြုလုပ်ခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၃၅၄ တွင် နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ ထုတ်ဖော်၊ ပြောဆို ၊ ရေးသားပိုင် ခွင့်ရှိသည်ကို အခြေခံ၍ နိုင်ငံသားများသည် အစိုးရအား ဝေဖန် ပိုင်ခွင့်ရှိသည်။ အစိုးရမှ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မှု မရှိခြင်းနှင့် မီဒီယာလွတ်လပ်ခွင့်ကို မကာကွယ်နိုင်ခြင်းတို့ကြောင့် ဝေဖန်မှုများရှိနေချိန်တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ နိုင်ငံသားများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသောကြောင့် အစိုးရသည် ဝေဖန်မှုများကို သည်းခံရမည်ဟု ပြောကြားခဲ့သည်။

သတင်းသမားများအား ဖမ်းဆီးမှုများတိုးလာခြင်းကြောင့် မီဒီယာလွတ်လပ်ခွင့်ကို မြှင့်တင်ရန် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ၏ စွမ်းဆောင်ရည်ကို သံသယဖြစ်လာစေ သည်။ အမှီအခိုကင်းသော (လွတ်လပ်သော) မီဒီယာ ကြားဝင်စေ့စပ်ရေးအဖွဲ့မှ မီဒီယာများပါဝင်သော အငြင်းပွားမှုများကို ဖြေ ဖရှင်းဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း သတင်းသမားများအား ဖိနှိပ်ထားမှုများမှ အကာအကွယ်မပေးနိုင်ခဲ့ပါ။ မီဒီယာသမားများကို ဆန့်ကျင်သော တိုင်ကြား မှုများ စတင်လျှင် ကောင်စီမှ ပို၍ေ ကာင်းမွန်စွာ ကြားဝင်စေ့စပ်၍ အကူ အညီများပေးသင့်သည်။ ပြ ပည်တွင်းနှင့် နိုင်ငံတကာ ဥပဒေအရ မီဒီယာသ မားများသည် ပြ ပစ်မှုဟု မခေါ်ဆိုသင့်သော ပြစ်မှုများအတွက် ၎င်းတို့၏ အခွင့်အရေးများ ဆက်လက် ဆုံးရှုံးလျက်ရှိသည်ကို မီဒီယာသမားများ၊ သတင်းထောက်များ မတရား၊ ဖမ်းဆီး၊ထိန်းသိမ်းခံနေရခြင်းကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။ မီဒီယာ လွတ်လပ်ခွင့်အပေါ် ကန့်သတ်ထားမှုများ ပြ ဖစ်ပေါ်လျက်ရှိနေချိန်တွင် သတင်းသမားများ၏ အခွင့်အရေးများကို မြှင့်တင်ရန်အတွက် ဖွန်လအစောပိုင်းတွင် ဖွဲ့စည်းခဲ့သော မြန်မာ သတင်းသမားများ ကာကွယ်ရေးကော်မတီ (PCMJ)မှ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်ကြပ် စိုးမြင့်အောင်ကို အမှုဖွင့်ခဲ့ သည်။ The Voice Daily သတင်းစာ၏ အ ယ်ဒီတာ ဦးကျော်မင်းဆွေ၏ ငါးကြိမ်မြောက် ရုံးချိန်းအပြီး သတင်းထောက်များမှ ဥပဒေအကြံပေး ဦးခင်မောင်မြင့်အား မေးမြန်းနေစဉ် တပ်ကြပ်စိုးမြင့်အောင်မှ သတင်းသမားများ ကာကွယ်ရေး ကော်မတီအဖွဲ့ဝင်များနှင့် သတင်းထောက်များကို လက်ကိုင်ဖုန်းဖြင့် မျက်နှာများအား အနီးကပ် ဓာတ်ပုံ ရိုက်ယူခဲ့ခြင်းအတွက် ထိုကဲ့သို့ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ လုံလောက်ေ သာ စစ်ဆေးမှုများပြုလုပ်ခြင်းမရှိပဲ ဇူလိုင်လ ၅ ရက်နေ့တွင် ဗဟန်းမြို့နယ်ရဲစခန်းမှ ဒုရဲမှူးဦးအေးမင်းသိန်းမှ ထိုတိုင်ကြားချက်အား ပယ်ချခဲ့ သည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် PCMJ မှ တပ်ကြပ်စိုးမြင့်အောင်ကို အရေးယူပေးရန် နှင့် ဒုရဲမှူး ဦးအေးမင်းသိန်းကို တာဝန်ပျက်ကွက်မှုဖြင့် အရေးယူပေးရန် ဗဟန်းမြို့နယ်တရားရုံး၌ ေလျှာက်ထားခဲ့သော်လည်း ဇူလိုင်လ ၂၀ ရက်နေ့တွင် ဗဟန်းမြို့နယ်တရားသူကြီး ဒေါ်သရဖီအောင်မှ ပယ်ချခဲ့သည်။ ထိုအမှုမှ နိုင်ငံသားများအား လျှို့ဝှက်စွာ စောင့်ကြည့် သည့် စစ်အစိုးရဟောင်းမှ အသုံးပြုခဲ့ေ သာ နည်းဗျူဟာ ကဲ့သို့ဖြစ်နေသည်ကို သတိပြုမိစေပါသည်။

ဇူလိုင်လ ၃၀ ရက်နေ့တွင် မြန်မာနောင်း သတင်းဌာန အယ်ဒီတာချုပ် ကိုဆွေဝင်းသည် ပုဒ်မ ၆၆ ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဇူလိုင်လ ၃၁ ရက်နေ့တွင် သူ သည် ကျပ်သိန်းငါးဆယ် အာမခံဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့တွင် သူသည် စတင်၍ တရားရင်ဆိုင်ရမည်ဖြစ်သည်။ ကိုဆွေဝင်းသည် အမျိုးဘာသာ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (မဘသ) ၏ ဦးဆောင်ဆရာတော်တစ်ပါးဖြစ်သူ ဦးဝီရသူအား ဂုဏ်သိက္ခာကျဆင်းစေရန် ရေးသားခဲ့သည်ဟု စွပ်စွဲခံခဲ့ရကာ မဘသ အဖွဲ့ဝင် ဦးကျော်မျိုးရွှေ၏ အမှုဖွင့်တိုင်ကြားခြင်းကို ခံခဲ့ရသည်။ မီဒီယာနှင့် လူမှုကွန်ရက်စာမျက်နှာထက်မှ သတင်း များသည် မှန်ကန်မှုမရှိခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသည်ဟု ယုံကြည်သူများမှ ပုဒ်မ ၆၆ ဖြင့် တရားစွဲဆိုမှုများ တဟုန်ထိုးပြုလုပ်လာသည်ကို သူ၏ အမှုမှ ထပ်မံ၍ သတိပြုမိစေပါသည်။ ထို့ကြောင့် ပုဒ်မ ၆၆(ဃ)ကို လူတစ်ဦးမှ တခြားသူတစ်ဦးသို့ တရားစွဲဆိုရန် ရည်ရွယ် ချက်ရှိရှိ ကြိုတင် ကြံရွယ်ချက်ဖြင့် အသုံးပြုလာသည်။ နိုင်ငံသားတစ်ဦးသေဆုံးခြင်းကို ဝမ်းမြောက်သောသူများအား ရှုံ့ချခြင်းအတွက် ကိုဆွေဝင်းကို မဘသအဖွဲ့၏ အဖွဲ့ဝင်မှ တရားစွဲဆိုခြင်းသည် ဒီမိုကရေစီနည်းလမ်းနှင့် ညီမျှခြင်းမရှိပါ။

ဇူလိုင်လတွင်းတွင် လယ်ဝေးမြို့မရဲစခန်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်နှစ်ဦးဖြစ်သော ဦးကျော်မျိုးလွင်နှင့် ဒေါ်သက်သက်မော်တို့ကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သည်။ ရန်ပုံငွေအလွဲသုံးစားလုပ်မှုဖြင့် တရားရင်ဆိုင် နေရသူ ဒလန့်ချွန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ငွေး၏ ရုံးထုတ်မြင်ကွင်းကို ဒေါ်သက်သက်မော်မှ ဓာတ်ပုံရိုက်ခဲ့ပြီး လူမှုကွန်ရက် စာမျက်နှာ(Facebook)တွင် ရေးသားဖော်ပြခဲ့ခြင်း၊ ကိုကျော်မျိုးလွင်မှ ထိုသတင်းကိုပြန်လည်မျှဝေ(Share) ခဲ့ခြင်းတို့

ပြုလုပ်ခဲ့သည့်အတွက် ဒလန့်ချွန် ကျေးရွာမှ ဦးမောင်ဝင်းမှ တရားလိုပြုလုပ်ကာ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဆက်သွယ်ရေး ဥပဒေအား ဖျက်သိမ်းရန် သို့မဟုတ် ရှင်းလင်းမှုရှိစွာ ပြင်ဆင်၊ဖြည့်စွက်ရန် ငြင်းဆန်လျက်ရှိသော အစိုးရအဖွဲ့ဝင်များတောင်မှ တရားစွဲမှုများကို ကာကွယ်နိုင်မည်မဟုတ်သည်ကို ထိုအမှုမှ ပြသလျက်ရှိပြီး ပုဒ်မ ၆၆(ဃ)အား သင့်တော်မှုမရှိစွာ (အနည်းငယ်သာ) ပြင်ဆင်ထားခြင်း၏ အကျိုးဆက်အနေဖြင့် မည်သူမဆို ထိုပုဒ်မဖြင့် တရားစွဲဆိုခံရလာနိုင်မည်ဖြစ်သည်။

AAPP အပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်း ၆၁ ဖွဲ့တို့မှ ဇွန်လတွင်းတွင် ပူးတွဲကြေညာထုတ်တစ်စောင် ထုတ်ပြန်ခဲ့ခြင်းအားဖြင့် နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် ပုဒ်မ ၆၆(ဃ)ကို ပြင်ဆင် သို့မဟုတ် ဖျက်သိမ်းရမည်ဖြစ်သည်။ ဆက်သွယ်ရေးဥပဒေ တွင် လိုအပ်ချက်များရှိနေသောကြောင့် ပြစ်မှုများကို ရည်ညွှန်းရန်အတွက် ရှင်းလင်း၊တိကျသော အဓိပ္ပာယ်သတ်မှတ်ချက်မရှိပါ။ ထိုကဲ့သို့ ရှင်းလင်း၊တိကျသော အဓိပ္ပာယ်သတ်မှတ်ချက်မရှိ၍ နိုင်ငံသားများကို (ပြည်သူများကို) ထိုဥပဒေဖြင့် တရားမျှတမှုမရှိစွာ တရားစွဲဆိုမှုများ မြင့်တက်လာပြီး ထိုဥပဒေဖြင့် ချိုးဖောက်မှုများကို ခွင့်ပြုထားသကဲ့သို့ ဖြစ်လာပါသည်။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် လူတစ်ဦး၏ ဂုဏ်သိက္ခာကို မတရား ထိခိုက်စော်ကားခြင်းမရှိစေရဟု ဖော်ပြထားထားသည့်အတွက် ပုဒ်မ ၆၆(ဃ)ဖြင့် ပြစ်မှုကျူးလွန်သူကို ရာဇဝတ်မှုကျူးလွန်သူသကဲ့သို့ တရားစွဲ ဆိုခြင်းသည် သင့်ေ တာ်မှုမရှိပါ။ ပုဒ်မ ၆၆(ဃ)သည် ရှင်း လင်းမှုမရှိသောကြောင့် ထိုပုဒ်မ သည် လွတ်လပ်စွာ ထုတ်ဖော်၊ရေးသားခွင့်ကို ကန့်သတ်ထားလျက်ရှိသည်။ ထိုပုဒ်မကို အမှန်တကယ် ကျူးလွန်လျှင် သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သော ရာဇဝတ်မှုမြောက်သကဲ့သို့ဖြစ်နေသည့် ပြစ်ဒဏ်သည် ပြစ်မှုနှင့် လုံးဝသင့်တော်ခြင်းမရှိပါ။ နိုင်ငံသားများကို ကာကွယ်ရမည့်အစား ထိုပုဒ်မသည် သည်းခံနိုင်စွမ်းမရှိသော ပတ်ဝန်းကျင်ကို အားပေးမြှ င့်တင်ပေးနေပြီး လွတ်လပ်စွာ ပြောဆိုခွင့်ကို ထိခိုက်စေသည်။ ထို့ပြင် ပြ ပည်သူများ၏ သဘောထားအမြင်များကို ငြိမ်းချမ်းစွာ ထုတ်ဖော်ခြင်းမှလည်း တားဆီး ၊ ဟန့်တားလျက်ရှိသည်။ ရှင်းလင်းတိကျစွာဖြင့် ပြစ်မှုများကို သတ်မှတ်ရန်နှင့် ရာဇဝတ်မှုမြောက်သော အသရေဖျက်မှုမှ ဖယ်ရှားရန် အတွက် ပုဒ်မ ၆၆(ဃ)ကို အမြန်ဆုံး ဖျက်သိမ်း သို့မဟုတ် သိသာထင်ရှားစွာ (ကောင်းမွန်၊ပြည့်စုံစွာ) ပြင်ဆင်၊ ဖြည့်စွက်ရမည်ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ အဆိုပြုခဲ့သော ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆(က)၊(ခ)၊(ဂ)၊ (ဃ)၊ ပုဒ်မ ၆၈(က) တို့ကို အနည်းငယ် ပြင်ဆင်၊ဖြည့်စွက်ထား သည့် ဆက်သွယ်ရေးဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်တွင် သုံးသပ်ခဲ့ပြီးဖြစ်သည်။ ဥပဒေပညာရှင်များ၊ ပုဒ်မ ၆၆(ဃ) ဖျက်သိမ်းရေးလှုပ်ရှားသူများ၊ သတင်းသမားများကို ကာကွယ်ရေး ကော်မတီအပါအဝင် အရပ်ဘက်အဖွဲ့အစည်းများမှ ထိုဥပဒေကြမ်း တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ ပါဝင်ခြင်းမရှိသည်ကို ဝေဖန်ပြောကြားခဲ့ကြသည်။ AAPP နှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ထိုဥပဒေ ပြင်ဆင်၊ဖြည့်စွက်ချက်များသည် ပြည့်စုံမှုမရှိသည်ကို ထောက်ပြခဲ့ကြပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် မီဒီယာလွတ်လပ် ခွင့်တို့သည် ပို၍ဆိုးရွားလာမည်ဟုထောက်ပြခဲ့သည်။ မူလပုဒ်မ ၆၆ (ဃ) တွင် ပါဝင်သော အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ မဖေ လျာ်သြဇာသုံးခြင်း စသည့် အသုံး အနှုန်းများကို ပယ်ဖျက်ထားသော်လည်း ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြ ုပြီး ပုဂ္ဂိုလ် တစ်ဦးဦးကို ခြောက်လှန့် တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း ၊ ခြိမ်းခြောက်ြခင်းများ ပြုလုပ်လျှင် တရားစွဲဆိုနိုင်သည်ကိုမူ ပယ်ဖျက်ထားခြင်းမရှိပါ။ ထို့ပြင် ပြင်ဆင်ချက်ထဲတွင် “အာမခံရသည်”ဆိုသည့် စကားရပ်အစား “အာမခံပေးနိုင်သည်”ဆိုသည့် စကားရပ်ကို ဖော်ပြထားသည့်အတွက် တရားသူကြီးအား ဆုံးဖြတ်ခွင့်များစွာ ပေးထား သကဲ့သို့ဖြစ်နေပြီး “အာမခံပေး၍မရ” ဆိုသည့် ယခုဥပဒေမှ သိ သာထင်ရှားစွာ ပြောင်းလဲခြင်းမရှိသဖြင့် လိုသလို အဓိပ္ပာယ်ကောက်ကူခွင့်ပြုထားသကဲ့သို့ ဖြစ်သည်။ တရားစွဲဆိုခွင့်ရရှိရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၏ သဘောတူညီချက်ရယူရန်မလိုအပ်တော့ပဲ တပ်မတော်လက်အောက်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စီမံအုပ်ချုပ်သော ရဲတပ်ဖွဲ့ကို လုပ်ပိုင်ခွင့်အာဏာ အပြ ည့်အဝ ပေးထား သကဲ့သို့ဖြစ်သည်။ ထို့ပြင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၀(က) တွင် ထိုဥပဒေဖြင့် ပြစ်မှုများအားလုံးကို အရေးယူနိုင်သည်ဆိုသည့် စကားရပ်သည် ပြောင်းလဲခြင်းမရှိပါ။ ထိုစကားရပ်အား ဆက်လက်ထားရှိခြင်းကြောင့် ရဲများသည် ဖမ်းဝရမ်းမပါပဲ ဖမ်းဆီးခွင့်ရှိသော လုပ်ပိုင်ခွင့်အာဏာရှိပြီး တရားရုံးမှ ခွင့်ပြုချက်မရှိပဲ စစ်ဆေးရန် အခွင့်အာဏာရှိသည်။ အပြုသဘောဆောင်သော တိုးတက်မှုအဖြစ် နစ်နာသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှ တိုင်ကြားခြင်း မဟုတ်လျှင် အရေးမယူရန်ကို ပြင်ဆင်ထားသည်။

ဇူလိုင်လတွင် အနိုင်ငံရေးအကျဉ်းသားများ၏ တရားရုံးချိန်းများပါအဝင် များစွာသော တရားရုံးချိန်းများသည် လွန်ခဲ့သော လများစွာကတည်းက အမှုဖွင့်ခံခဲ့ရသော အမှုများဖြစ်သည်။ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အား ကူညီ သည်ဟူသော သံသယဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စစ်တပ်၏ စစ်ဆေးရေး ဂိတ်တွင် ဖမ်းဆီးခြင်းခံခဲ့ရပြီး မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် တရားရင်ဆိုင်နေရသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဗဟိုကော်မတီဝင် ကိုမင်းဒွေးကို ဗန်းမော်မြို့နယ်တရားရုံးမှ ဇူလိုင်လ ၁၇ ရက်နေ့တွင် စွဲချက်တင်ခဲ့သည်။

ဇူလိုင်လ ၁၄ ရက်နေ့တွင် လားရှိုးမြို့နယ်တရားရုံးမှ ကချင်ပြည်နယ်၊ မုံးကိုးမြို့နယ်မှ ကချင်ဘာသာရေးခေါင်း ဆောင်နှစ်ဦး ဖြစ်သော ဦးဒွယ်ဒေါ့နောင်လတ်နှင့် ဦးဂျော်ဂမ် ဆိုင်းတို့ကို ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) အတွက် ဓာတ်ဆီများ သယ်ယူပို့ဆောင်ပေးခြင်း၊ သတင်းပေးခြင်း၊ လူသစ် စုဆောင်းပေးခြင်း နှင့် မဟုတ်မမှန်လုပ်ကြံ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်သည်ဟူ သော စွပ်စွဲချက်များအတွက် မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)၊ ပို့ကုန်၊သွင်းကုန် အက်ဥပဒေ ပုဒ်မ ၈ တို့ဖြင့် စွဲချက်တင်ခဲ့သည်။ ထို့ပြင် ဦးဒွယ်ဒေါ့ နောင်လတ်သည် တပ်မတော်အား အသရေဖျက်ခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် မတ်လတွင်းတွင် ထပ်တိုး တရားစွဲဆိုခံခဲ့ရသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ၎င်းတို့သည် ပျောက်ဆုံးသွားခဲ့သည်။ ကနဦးတွင် တပ်မတော်မှ ၎င်းတို့နှစ်ဦးအား ထိန်းသိမ်းထားသည်ကို ငြင်းဆိုခဲ့သည်။ ၎င်းတို့၏ မိသားစုဝင်များ၊ ဒေသခံများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ မှ စုံစမ်းစစ်ဆေးပေးပါရန် တောင်း ဆိုခဲ့ပြီးနောက် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် တပ်မတော်မှ ၎င်းတို့နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်းထားကြောင်း အတည်ပြုခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်သွယ်သည်ဟူသော သံသယဖြင့် နိုင်ငံသားများကို တရားစွဲဆိုရန် မတရား အသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)အား ဆယ်စုနှစ်များစွာကြာ ကျယ်ပြန့်စွာ ဆက်လက် အသုံးပြုလျက်ရှိသည်ကို ထိုအမှုနှစ်မှုမှ ပြ ပသ လျက်ရှိသည်။ ပြ မန်မာနိုင်ငံအနှံ့အပြားတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များစွာရှိပြီး ထိုအဖွဲ့များနှင့် ဆက်နွယ်ခြင်းကို ရှောင်လွှဲ၍ မရနိုင်ပါ။ ထိုဥပဒေအား ဆက်လက် အသုံးပြုနေခြင်းကို လက်ခံနိုင်ခြင်း မရှိပဲ နိုင်ငံသား များသည် လက်ရှိ အချိန်တွင် ထိုပုဒ်မဖြင့် အကျဉ်းကျခံနေရသည်။ သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သော ၊ ခေတ်နောက်ကျ၍ ဖိနှိပ်ထားသော ထိုဥပဒေကို ချက်ချင်း ပယ်ဖျက် သို့မဟုတ် ပြင်ဆင်ရမည်ဖြစ်သည်။

တပ်မတော်မှ ဒေသခံများအား အဓမ္မ လုပ်အားပေး ခိုင်းစေခဲ့ပြီး ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း ALP ကိုယ်စား ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့ခြင်းအတွက် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရကာ နိုင်ငံတော်အား အကြည်အညိုပျက်စေမှု၊ မမှန်မကန် သွေးထိုးလှုံ့ဆော်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) နှင့် ၅၀၅(ဂ) တို့ဖြင့် တရားစွဲဆိုခြင်းခံထားရသော ကိုခိုင်မျိုးထွန်းကို ဇူလိုင်လ ၁၇ ရက်နေ့တွင် စတင် ရုံးထုတ်စစ်ဆေးခဲ့သည်။ ဖမ်းဆီးခံရချိန်က သူသည် ရခိုင့်လွတ်မြောက်ရေးပါတီ(ALP)၏ ဒုတိယ ပြန်ကြားရေးတာဝန်ခံတစ်ဦး ဖြစ်သည်။ အစိုးရကို ဆန့်ကျင်သူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ သတင်းထောက်များနှင့် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီး၊တရားစွဲဆိုရန်အတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊(ဂ)ကို နှစ်များစွာကြာ အသုံးပြု လျက်ရှိသည်။ ထိုဥပဒေသည် ရှင်းလင်းမှုမရှိသောကြောင့် အစိုးရကို ဝေဖန်သူများအား မတရား ဖမ်းဆီး၊ ထိန်းသိမ်းရန် ခွင့်ပြု ထားလျက်ရှိသည်။ ထိုဥပဒေကို လက်နက်သဖွယ်အသုံးပြု၍ နိုင်ငံရေးလှုပ်ရှားသူများကို ဖိနှိပ်ခြင်းမှ ရပ်တန့်ရန် ထိုဥပဒေကို ပြင်ဆင် သို့မဟုတ် ဖြည့်စွက်ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားများစွာကို လွှတ်ပေးခဲ့သော်လည်း နိုင်ငံလှုပ်ရှားမှုများကြောင့် နှစ်ရှည်ထောင်ဒဏ်ကျခံနေ ရသူများနှင့် ကြာရှည်စွာ အမှုရင်ဆိုင်နေရသူ များ ရှိနေသည်ကို ဇူလိုင်လတွင်း တရားရင်ဆိုင်ရမှု အခြေအနေများကို ကြည့်ခြင်းဖြင့် သိရှိနိုင်သည်။ နိုင်ငံရေးလှုပ်ရှားသူများကို ဆက်လက် ဖမ်းဆီးနေခြင်းသည် လက်ခံနိုင်ဖွယ်မရှိပဲ အစိုးရမှ နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အမြန်ဆုံး ဖွင့်ဆိုသင့်ပြီး နိုင်ငံရေးအကျဉ်းသားအရေးကိုလည်း အမြန်ဆုံး ကိုင်တွယ် ဆောင်ရွက်သင့်သည်။

လယ်ယာမြေအငြင်းပွားမှုများနှင့် ပတ်သက်၍ လယ်သမားများသည် သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည်ရရှိရန် ဆက်လက် တောင်းဆိုလျက်ရှိပြီး လယ်ယာမြေအရေး လှုပ်ရှားသူများနှင့် ဆန္ဒပြသူများကို တရားစွဲဆိုခံနေရခြင်းအား ဆက်လက် ဆန့်ကျင် ကန့်ကွက်လျက်ရှိသည်။ အစိုးရဟောင်းများ လက်ထက်တွင် လယ်ယာမြေသိမ်းဆည်းခံခဲ့ရသည့် လယ်သမား တစ်ထောင်ကျော်သည် မန္တလေးမြို့အနီးတွင် စုဝေးခဲ့ကြပြီး သိမ်းဆည်းခံလယ်ယာမြေများပြန်လည်ရရှိရန်နှင့် တောင်သူများ

.

တရားစွဲဆိုခံနေရခြင်းတို့အတွက် တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့များမှ ဆောင်ရွက်ပေးရန် ဇွန်လ ၂၉ ရက်နေ့တွင် ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်၊ မတ္တရာ၊ မြစ်သား၊ စဉ့်ကူး၊ စဉ့်ကိုင် ပုသိမ်ကြီးမြို့နယ်များမှ လယ်သမား တစ်ရာကျော်သည် ဇူလိုင်လ ၇ ရက်နေ့မှစတင်ကာ ရဲများမှ ဆန္ဒပြမှုအား အင်အားသုံး ဖြိုခွင်းခဲ့သည့် ဇူလိုင်လ ၂၇ ရက်နေ့ထိ မန္တလေးမြို့ ၆၂ လမ်းတွင် သပိတ်စခန်းဖွင့်ကာ ရက် နှစ်ဆယ်တိုင် ဆန္ဒပြ တောင်းဆိုခဲ့သည်။ ထိုသပိတ်ကို ဦးဆောင်သူ ရှစ်ဦးနှင့် လယ်သမားသုံးဦးတို့သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉၊ ၂၀ တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ကတည်းက ထိုဥပဒေကို ရာပေါင်း များစွာသော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများအား ဖိနှိပ်ရန်အတွက် အသုံးပြုလာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ချက်တချို့ပါဝင်သော ပြန်လည် ပြင်ဆင် သုံးသပ်ထားသည့် ငြိမ်း၊စု၊စီ ဥပဒေကြမ်းကို ထုတ်ပြန်ခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့မှ ထိုဥပဒေကြမ်းကို ပြင်းထန်စွာ ဝေဖန်ခဲ့ကြပြီး ဥပဒေကြမ်းအတွင်းရှိ ပြင်ဆင်ချက်များသည် မတရား ဖမ်းဆီး၊ ချုပ်နှောင်ခြင်းကို အနည်းငယ်သာ ကာကွယ်မှုပြုနိုင်သည်ဟု ဝေဖန်ခဲ့ကြသည်။ အစိုးရအား ထိုဥပဒေကို ပြန်လည်သုံးသပ်ရန်နှင့် ပြင်ဆင်၊ဖြည့်စွက်ချက်များသည် နိုင်ငံသားများ၏ လွတ်လပ်စွာ ထုတ်ဖော်၊ ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်ကို စစ်မှန်စွာ ကာကွယ်နိုင်ရန်အတွက် တောင်းဆို ခဲ့သည်။ သို့သော်လည်း ဥပဒေပြုရေးတွင် မည်သည့်တိုးတက်မှုမျှ ရှိမလာခဲ့ပါ။ AAPP မှ အစိုးရအား ထိုဥပဒေ ပြင်ဆင် ဖြည့်စွက်မှုများကို ဆက်လက် ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။ ထို့ပြင် အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ (INGOs) ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆွေးနွေးမှု ပြုလုပ်ရန်လည်း တိုက်တွန်းပါသည်။

သိမ်းဆည်းခံ လယ်ယာမြေများအတွက် လယ်ပိုင်ရှင်များ တရားမျှတမှုရရှိစေရန် အစိုးရမှ လျော်ကြေး ပေးအပ်ရန် ဆုံးဖြတ်မည့် အစား လယ်သမားများနှင့် ဆွေးနွေးတိုင်ပင်၍ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ ဇူလိုင်လတွင်း လွှတ်တော်တွင်းတွင် ဆွေးနွေးခဲ့သော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အရပ်ဘက်အဖွဲ့ အစည်းများ စွာမှ ကန့်ကွက်ခဲ့ကြသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် အရပ်ဘက်အဖွဲ့အစည်း ၅၀ နီးပါးဖြင့် ဖွဲ့စည်းထားသော "the Land in Our Hand(LIOH)" ကွန်ရက်အဖွဲ့မှ လယ်ယာမြေဥပဒေ ပြင်ဆင်သည့် မူ ကြမ်းနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်မှုများကို ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ဥပဒေကြမ်းသည် လယ်သမားများ အတွက် လယ်ယာမြေပိုင်ဆိုင်မှုနှင့် လူမှုဆိုင်ရာ လုံခြုံရေးကို ကာကွယ်နိုင်ခြင်း မရှိဟု LIOH မှ ပြောကြားခဲ့ပြီး အမျိုးသား လယ်ယာမြေ အသုံးပြုခြင်း မူဝါဒနှင့်လည်း ဆန့်ကျင်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ထိုဥပဒေ ပြင်ဆင် ၊ဖြည့်စွက် သင့်သည်နှင့် ပတ်သက်ပြီး လယ်သမားများနှင့် လုံလောက်သော ဆွေးနွေး၊တိုင်ပင်မှုမရှိခဲ့ပါဟုလည်း ယုံကြည်လျက်ရှိသည်။ ဇူလိုင်လ ၂၈ ရက်နေ့တွင် Global Witness အဖွဲ့မှ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး အစိုးရအား လယ်ယာမြေဥပဒေသစ်မပြဋ္ဌာန်းမီ လယ်ယာမြေ ပြုပြင်ပြောင်းလဲရေး အတွက် ရှင်းလင်းတိကျမှုရှိစွာဖြင့် လုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။ ထို့ပြင် Global Witness အဖွဲ့မှ လယ်ယာမြေဥပဒေ ပြင်ဆင် ၊ ဖြည့်စွက်ချက်များသည် လယ်ယာမြေအခွင့်အရေး များကို ထိခိုက်စေမည်ကို စိုးရိမ်လျက်ရှိသည်။ လယ်ယာမြေနှင့် ပတ်သက်သော ဥပဒေ ပြင်ဆင်၊ဖြည့်စွက်ခြင်းသည် ဆယ်စုနှစ်များစွာကြာ ဖြစ်ပွားနေသော လယ်ယာမြေအငြင်းပွားမှုများကို ဖြေ ရှင်းရန်အတွက် အလွန်အရေးပါပြီး လယ်ယာမြေများစွာ သိမ်းဆည်းခံထားရသော လယ်သမားများ လယ်ယာမြေများ ပြန်လည်ရရှိရန်အတွက် အလွန်အရေးကြီးပါသည်။ သို့သော်လည်း လယ်သမားများနှင့် ဆွေးနွေးတိုင်ပင်ရန်နှင့် လယ်သမား ပူးပေါင်းပါဝင်မှုရှိမှ သာလျှင် ပြုပြင်ပြောင်းလဲမှုများသည် ပြီးမြောက် အောင်မြင်လိမ့်မည်ဖြစ်သည်။

ဇူလိုင်လတွင်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC)မှ မွန်ပြည်နယ် အတွင်းရှိ အချုပ်ခန်းများ၊ ရဲဘက်စခန်းများနှင့် အကျဉ်းထောင်များကို စစ်ဆေးခဲ့သည်။ စစ်ဆေးချက်များအရ လူ့အခွင့်အရေး ချိုးဖောက်မှု ပြဿနာ အကြီးအမား မတွေ့ရှိရပဲ အတန်အသင့် အားနည်းချက်များရှိသည်ကိုသာ တွေ့ရှိခဲ့ရသည်။ ဇန်နဝါရီလမှ ဇွန်လအထိ MNHRC မှ အကျဉ်းထောင် ပေါင်း ၁၄ ထောင်ကို စစ်ဆေးခဲ့ပြီး လူအခွင့်အရေး ချိုးဖောက်မှုတချို့နှင့် အကျဉ်းထောင်တွင်း အကျဉ်းသား ဦးရေ ပြည့်ကျပ်နေသည်ကို တွေ့ရှိခဲ့သည်။ အကျဉ်းသားများ၏ ပြောကြားချက်အပေါ် အခြေခံ၍ AAPP မှ အကျဉ်းထောင်များအတွင်း အကျဉ်းသားများကို လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပွားနေသည်ကို သိရှိပြီး အကျဉ်းထောင်အခြေအနေများ တိုးတက်မှုရှိစေရန်

.

ဆောင်ရွက်လျက်ရှိသည်။ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ယခင်လက လွတ်မြောက်လာခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းများ ဖြစ်ကြသည့် ကိုဇော်ဇော်လတ်နှင့် မပွင့်ဖြူလတ်တို့သည် အကျဉ်းထောင်တွင်း အကျဉ်းသားများ လွန်စွာ ပြည့်ကျပ်နေခြင်းကို မီးမောင်းထိုးပြခဲ့သည်။ အကျဉ်းထောင်တွင်း အကျဉ်းသားများ ပြည့်ကျပ်နေသည့်ကိစ္စသာမက AAPP မှ အကျဉ်းထောင်တွင်း တခြား လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်ကိုလည်း ဆောင်ရွက်ရန် စည်းရုံးလှုံ့ဆော်လျက်ရှိသည်။ ထို့ကြောင့် AAPP မှ MNHRC အား နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားအားလုံး၏ အခွင့်အရေးများ ရရှိရန်အတွက် ချိုးဖောက်မှုအားလုံးကို စစ်ဆေး၊ ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။

ဇွန်လ ၂၉ ရက်နေ့တွင် ကျင်းပသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆွေးနွေးပွဲ (Human Right Defender Forum) တွင် အရပ်ဘက် အဖွဲ့အစည်း ခေါင်းဆောင်များမှ အစိုးရအား ကမ္ဘာ့ကုလသမဂ္ဂ ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြား ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်မှု သို့မဟုတ် နှိမ့်ချ ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုကို ဆန့်ကျင်ရေးသဘောတူစာချုပ် (UNCAT)အား လက်မှတ် ရေးထိုးရန်တိုက်တွန်းခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် အများစုမှ UNCAT အား လက်မှတ်ရေးထိုးရန် ထောက်ခံသော်လည်း အစိုးရမှ လက်မှတ်ရေးထိုးခြင်းမရှိသေးပါဟု နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း(AAPP)မှ ရန်ကုန်ရုံးတာဝန်ခံ ဦးအောင်မျိုးကျော်မှ ပြောကြားခဲ့သည်။ သမ္မတဟောင်း ဦးသိန်းစိန်မှ ထိုစာချုပ်အား လက်မှတ်ရေးထိုးရန် နှင့် ၂၀၁၁ နှင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပြန်လည်သုံးသပ်သည့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ တကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ပုံမှန် သုံးသပ်၊ အကဲဖြတ်သည့် အစည်းအဝေး (UPR) ၌ မှတ်ချက်ပြုထားသည်များကို လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့သော် လည်း ယခုထိတိုင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ၁၉၆၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်ကြား လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ရှိနေသည်ကို AAPP မှ သိရှိပြီး မှတ်တမ်းပြုလျက်ရှိပါသည်။ အကျဉ်းထောင်များအတွင်း အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်လျက်ရှိပြီး အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားကို စစ်ဆေးမေးမြန်းနေစဉ်တွင်း နှိပ်စက်ညှဉ်းပန်းမှုပြုလုပ်ခဲ့သည့်အပြင် တခြား ထိန်းသိမ်းခံထားရသူများကိုလည်း ထိုကဲ့သို့ နှိပ်စက်ညှဉ်းပန်းမှု ပြုလုပ်ခဲ့ပါသည်။ AAPP ၏ သုတေသနပြုချက်အရ နိုင်ငံရေးအကျဉ်းသား ၇၂% သည် ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုခံခဲ့ကြရပြီး ၇၅% သည် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုခံခဲ့ကြရသည်။ ထို့ကြောင့် AAPP မှ အစိုးရအား နှိပ်စက်ညှဉ်းပန်းမှုများကို အဆုံးသတ်ရန်၊ နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ ကာကွယ်တားဆီးမှုလုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂ (UN) မှ နိုင်ငံတွင်းရှိ အကျဉ်းထောင်များသို့ စစ်ဆေးနိုင်ရန်အတွက် UNCAT အား လက်မှတ်ရေးထိုးရန် တိုက်တွန်းပါသည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉ ၆၂၈ ၇၁၃**
**ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈**

.